# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 22, 2020 Volume 27, Number 14


| ၂၂.၁.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၄/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၄၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၇၁/- ကျပ် |
| CBM Rate | = ၁၄၆၉.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၇.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၀၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ၂၀၂၀ ပြည့်နှစ်၌ ရန်ကုန်တိုင်း ၅ မြို့နယ်၌ နွေစပါး တစ်ဘီလီယံဖိုး ဝယ်ယူရန်လျာထား



အစိုးရ၏ဘတ်ဂျက်ဖြင့် စပါးဝယ်ယူရေးအစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်တွင် စပါးဝယ်ယူရေး အလျဉ်မီစေရန် ရန်ကုန်တိုင်းငါးမြို့နယ်၌ နွေစပါး တစ်ဘီလီယံခန့်ဝယ်ယူရန် ကြိုတင်လျာထားဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ "ပထမအသုတ် မိုးစပါးဝယ်ယူမှုကနေ ကျန်တဲ့တစ်ဘီလီယံကို အခုဆက်ဝယ်မှာပါ။ စပါးအမျိုးအစားကတော့ တင်ဒါစဝင်ကတည်းက ငစိန်စပါးကို ဒီဈေးနဲ့ဝယ်ပါမယ်ဆိုပြီး တင်ထားတာဖြစ်တဲ့အတွက် ငစိန်စပါးကိုပဲဝယ်ယူမှာပါ။ နွေစပါးကိုတော့ တွံတေး၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ ထန်းတပင်၊ လှည်းကူးမြို့နယ်ငါးမြို့နယ်မှာ စပါးတင်းနှစ်သိန်းကို တင်း ၁၀၀ ကို ငါးသိန်းဈေးနှုန်းနဲ့ဝယ်ဖို့လျာထားပြီး စီမံချက်ရေးဆွဲထားပါတယ်။ နွေစပါးကို တင်းနှစ်သိန်းတန်ဖိုးအားဖြင့် တစ်ဘီလီယံဖိုးဝယ်မယ်။ အစိုးရအဖွဲ့ ကက်ဘိနက်တော့တင်ရမယ်။ တင်ဖို့အတွက်လည်း စီမံချက်ဆွဲထားပြီ။ စိုက်ဧကအလိုက် နွေစပါးအထွက်အများဆုံးအပေါ်မူတည်ပြီးတော့၊ မိုးစပါးဝယ်ယူတဲ့ တင်းအနေအထားရယ်၊ နွေစပါးထွက်ရှိမှု ပမာဏအပေါ်မှာ မူတည်ပြီးတော့ ရန်ကုန်တိုင်းအတွင်း ငါးမြို့နယ်မှာ တင်းနှစ်သိန်းဝယ်မယ်ဆိုပြီးတော့ လျာထားတာပါ" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဆွေက မြန်မာ တိုင်းမ်နေ့စဉ်သို့ပြောသည်။

နွေစပါးဝယ်ယူရန်လျာထားသည့် မြို့နယ်များမှာ တွံတေး၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ ထန်းတပင်နှင့် လှည်းကူးမြို့နယ်တို့ဖြစ်ပြီး စပါးတင်းနှစ်သိန်းကို တင်း ၁၀၀ လျှင် ငါးသိန်းနှုန်းဖြင့် ဝယ်ယူရန်လျာထားကာ စီမံချက်ရေးဆွဲထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ "ပွင့်ပွင့်လင်းလင်းပြောရရင် မိုးစပါးဝယ်ယူမှုမှာ ကျွန်တော်တို့ နည်းနည်းနောက်ကျသွား တယ်။ တောင်သူတွေလက်ထဲမှာ မကျန်တော့ဘူးဆိုပြီးတော့ ပြောကြတာတွေရှိတယ်။ ဒါပေမဲ့ တချို့တောင်သူတွေမှာလည်း ကျန်ပါသေးတယ်။ အဲဒီလိုမျိုးမဖြစ်အောင် နွေစပါးဝယ်ယူမှုကို အခုကတည်းက စပြီးတော့လျာထားပြီးပြီ။ ဘယ်မြို့နယ်တွေမှာဝယ်မယ်၊ တင်ဒါဘယ်လိုခေါ်မယ်ဆိုတာတွေကို အခုကတည်းက

လျာထားပြီဖြစ်တဲ့အတွက် နွေစပါးစပေါ်တာနဲ့ ဝယ်နိုင်မယ်လို့ယုံကြည်ပါတယ်။ နွေစပါးက အခုမှစိုက်ဖို့ပြင်နေတုန်းပါ။ စပါးထွက်တာနဲ့ အလျဉ်မီဝယ်နိုင်အောင် စီစဉ် ထားတာပါ။ မိုးစပါးကတော့ ပထမဆုံးလုပ်တာဖြစ်တဲ့အတွက် နည်းနည်း နောက်ကျသွားတယ်" ဟု ဦးဇေယျာဆွေက ပြောသည်။

ဝယ်ယူမည့်တစ်ဘီလီယံမှာ အစိုးရ၏ဘတ်ဂျက်ဖြင့် စပါးဝယ်ယူရေးအစီအစဉ်အရ ဇန်နဝါရီ ၉ ရက်က စတင်ဝယ်ယူခဲ့သည့် ရန်ကုန်တိုင်း ခြောက်မြို့နယ် ဖြစ်သော ကျောက်တန်း၊ သန်လျင်၊ ခရမ်း၊ သုံးခွ၊ တိုက်ကြီးနှင့် လှည်းကူးမြို့တို့မှ မိုးစပါး ဝယ်ယူရာတွင် ကျန်ရှိနေသည့်ငွေဖြစ်ပြီး ပြည်ထောင်စုအစိုးရထံ ပြန်မသွင်းဘဲ နွေစပါးအလျဉ်မီဝယ်ယူနိုင်ရေးရန်ပုံငွေ အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အစိုးရ၏ဘတ်ဂျက်ဖြင့် စပါးဝယ်ယူရေးအစီအစဉ်ကို ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ အခြေခံစပါးဈေးနှုန်းအောက်ကျဆင်းနေသည့် မြို့နယ်ပေါင်း ၂၈ မြို့နယ်ကို ရွေးချယ်ထားပြီး နိုင်ငံတော်၏စပါးဝယ်ယူရေးအစီအစဉ်အရ တင်ဒါအောင်သူ ၄၁ ဦးရှိပြီး ငွေကျပ် ၈ ဒသမ ၇ ဘီလီယံ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/134157.html

**myanmar.mmtimes.com**

## ကော့သောင်းလေဆိပ်ကို နိုင်ငံတကာလေကြောင်းလိုင်းမှ လေယာဉ်ကြီးများဆင်းသက်နိုင်ရန် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းများ လုပ်ဆောင်သွားမည်




တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းလေဆိပ်ကို နိုင်ငံတကာ လေကြောင်းလိုင်းမှ လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန် တိုးချဲ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အတွင်းခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ နယ်စပ်ဖြတ်ကျော် ဝင်ရောက် လည်ပတ်သည့် ခရီးသွားဧည့်သည်များအပြင် လေကြောင်းလမ်း အသုံးပြု သည့် အပြည်ပြည်ဆိုင်ရာခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွား ဧည့်သည်များ တစ်စတစ်စပိုမိုလာရောက်ကြသဖြင့် ခရီးသွားများ လွယ်ကူ အဆင်ပြေစွာ လေဆိပ်အသုံးပြုနိုင်ရေး ကော့သောင်းလေဆိပ်အား တိုးချဲ့ အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်းသိရပါတယ်။

လက်ရှိကော့သောင်းလေဆိပ်သည် ဧရိယာ(၁၆၄)ဧကနှင့် လေယာဉ်ပြေးလမ်းအရှည်မှာ ပေ(၆၀၀၀)ရှိပြီး နိုင်ငံတကာ လေကြောင်းလိုင်းမှ လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန် ထပ်မံ၍ လေဆိပ်ဧရိယာ ဧက(၃၉၀)ကျော်၊ စုစုပေါင်းဧက (၅၅၀)ကျော်အထိနှင့် လေယာဉ်ပြေးလမ်း အရှည်ပေ (၂၅၀၀)ကျော်၊ စုစုပေါင်း ပေ(၈၅၀၀)ကျော်အထိထပ်မံတိုးချဲ့သွားမည် ဖြစ်ကြောင်းသိရပါတယ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိသော Yangon Aerodrome Company Limited (“YACL”)က မြန်မာနိုင်ငံ၏တောင်ဘက်အစွန်ဆုံးပိုင်းတွင်တည်ရှိပြီး သဘာဝကျွန်းစု အလှတရားများ ပေါ်ကြွယ်ဝကာ လွှမ်းခဲ့သည့် နှစ်အနည်းငယ်မှစ၍ ပြည်တွင်းနှင့် ထိုင်းနိုင်ငံသားခရီးသွား ဧည့်သည်များကြား ရေပန်းစားလာသည့် မြိတ်ကျွန်းစုသို့ သွားလာ နိုင်သော ဝင်ပေါက်ထွက်ပေါက်တစ်ခုဖြစ်လာမည့် ကော့သောင်းလေဆိပ် အဆင့်မြှင့်တင်ရေးလုပ်ငန်းသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရ၏ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်ပါတယ်လို့ ထုတ်ပြန် ထားပါတယ်။

**Source:** https://www.myanmaplatform.com/a/37891.html?fbclid=IwAR33RBiCuAtHSXrmsdMXuZjco JXCnqqkmKWWyc97IjpsYt6jF345wgEaW7Y

## အရက်(၁၈)လိုင်း၏ အကောက်ခွန်နှုန်းအား ပြင်ဆင်သတ်မှတ်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀.၁.၂၀၂၀ ပြည့်နှစ် နေ့စွဲပါစာအမှတ်၊ စက-၂၈/၂၄/၂၀၂၀ (၁၈၈)အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဌာနသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၃ ၊ ပုဒ်မခွဲ(ဃ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်စေရန်နှင့် နိုင်ငံခြားငွေကြေးစီးဆင်းမှုကိုကာကွယ်ရန် ပြည်သူတို့အတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းမဟုတ်သည့် မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၁၇)၊ အခန်း(၂၂)နောက်ဆက်တွဲပါ ခေါင်းစဉ်(၂၂.၀၈)တွင် ပါရှိသည့် အရက်(၁၈)လိုင်း၏ အကောက်ခွန်နှုန်းအား လက်ရှိနှုန်းထား ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်လိုက်သည်။ ၎င်းပြင်ဆင်သတ်မှတ်ချက်သည် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေသည်။

ပြင်ဆင်သတ်မှတ်ချက်မှာ အောက်ပါ နောက်ဆက်တွဲဇယားအတိုင်းဖြစ်ပါသည် -

နောက်ဆက်တွဲ

| WCO H.S Code | AHTN Code | Stat. Code | MACCS Code | Description | Qty | MCT Rate (%) |
|---|---|---|---|---|---|---|
| **22.08** | | | | **Undenatured ethyl alcohol of an alcoholic strength by volume of less than 80% vol.; spirits, liqueurs and other spirituous beverages.** | | |
| 2208.20 | | | | - Spirits obtained by distilling grape wine or grape marc: | | |
| | 2208.20.50 | 00 | 1 | - - Brandy | l | 50 |
| | 2208.20.90 | 00 | 4 | - - Other | l | 50 |
| 2208.30 | 2208.30.00 | 00 | 4 | - Whiskies | l | 50 |
| 2208.40 | 2208.40.00 | 00 | 2 | - Rum and other spirits obtained by distilling fermented sugar-cane products | l | 50 |
| 2208.50 | 2208.50.00 | 00 | 0 | - Gin and Geneva | l | 50 |
| 2208.60 | 2208.60.00 | 00 | 5 | - Vodka | l | 50 |
| 2208.70 | | | | - Liqueurs and cordials: | | |
| | 2208.70.10 | 00 | 2 | - - Of an alcholic strength by volume not exceeding 57% vol. | l | 50 |
| | 2208.70.90 | 00 | 1 | - - Other | l | 50 |
| 2208.90 | | | | - Other: | | |
| | 2208.90.10 | 00 | 5 | - - Medicated samsu of an alcoholic strength by volume not exceeding 40% vol. | l | 50 |
| | 2208.90.20 | 00 | 4 | - - Medicated samsu of an alcoholic strength by volume exceeding 40% vol. | l | 50 |
| | 2208.90.30 | 00 | 3 | - - Other samsu of an alcoholic strength by volume not exceeding 40% vol. | l | 50 |
| | 2208.90.40 | 00 | 2 | - - Other samsu of an alcoholic strength by volume exceeding 40% vol. | l | 50 |
| | 2208.90.50 | 00 | 1 | - - Arrack or pineapple spirit of an alcoholic strength by volume not exceeding 40% vol. | l | 50 |
| | 2208.90.60 | 00 | 0 | - - Arrack or pineapple spirit of an alcoholic strength by volume exceeding 40% vol. | l | 50 |
| | 2208.90.70 | 00 | 6 | - - Bitters and similar beverages of an alcoholic strength not exceeding 57% vol. | l | 50 |
| | 2208.90.80 | 00 | 5 | - - Bitters and similar beverages of an alcoholic strength exceeding 57% vol. | l | 50 |
| | | | | - - Other: | | |
| | 2208.90.91 | 00 | 6 | - - - Of an alcoholic strength by volume not exceeding 1.14% vol. | l | 50 |
| | 2208.90.99 | | | - - - Other: | l | 50 |
| | | 10 | 4 | - - - - - - Brandies | | |
| | | 90 | 0 | - - - - - - Other | | |

**Source: MYANTRADE –TIR**

## တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံမှ Salted Jellyfish ဝယ်ယူလို

တောင်ကိုရီးယားနိုင်ငံ Hantae Trading Co, ltd က မြန်မာနိုင်ငံမှ **Salted Jellyfish** ဝယ်ယူလိုပါသဖြင့် Hantae Trading Co, ltd ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Lee Sungjae မှ မြန်မာသံရုံး၊ ဆိုးလ်မြို့ကိုဆက်သွယ်လာပါသည်။ မြန်မာနိုင်ငံသို့လည်း လာရောက်ရန်ရှိပါသဖြင့် သက်ဆိုင်ရာမြန်မာကုမ္ပဏီများနှင့် လိုအပ်သလိုချိတ်ဆက်နိုင်ရေးအတွက် **Salted Jellyfish** ရောင်းလိုသောကုမ္ပဏီများအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ သတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ ဖုန်းနံပါတ် ၀၁-၃၇၆၄၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**Source: MYANTRADE –TIR**

## တရုတ်နိုင်ငံသို့ တစ်ရှူးငှက်ပျော တရားဝင်တင်ပို့မည်

တစ်ရှူးငှက်ပျောကို တရုတ်နိုင်ငံသို့ လွတ်လပ်စွာ တရားဝင်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက ဧရာဝတီသို့ပြောသည်။ ၎င်းက “အခု တရုတ်သမ္မတလာတုန်းက ရေးထိုးသွားပြီး။ သီးနှံလို့ပဲဖော်ပြထားတာ MOU ရေးထိုးတဲ့ ၃၃ ချက်ထဲမှာ ငှက်ပျောလို့မပါဘူး။ ကိုယ်တာသတ်မှတ်ချက်မရှိဘူး။ အရင်က တရုတ်ကိုသွားတာက ကျနော်တို့ဘက်က တရားဝင်သူတို့ဘက်ကတော့ တရားမဝင်ဘူး။ အခုဆိုရင် ပင်လယ်ရေကြောင်းကရောသွားလို့ရပြီ။ နယ်တခုထဲ မဟုတ်ဘူး” ဟု ရှင်းပြသည်။ ဆက်လက်၍ ၎င်းက “အရင်ကတော့ တရုတ်ကတော့ နယ်စပ်မှာ ခိုးဝင်ပြီး လာစိုက်တယ်။ ပြန်ထွက်သွားတယ်။ ကျနော်တို့ဘက်ကတော့ ပို့ကုန်စာရင်းထဲ ဝင်တယ်။ သူတို့ဘက်ကျမရှိဘူးပေါ့။ ကြဲ့လိုပေါ့။ ငှက်ပျောသီးကစိုက်နိုင်တဲ့ နေရာတွေ အများကြီးပဲ ဆိုတော့ ရေလမ်းကြောင်းပါရှိလာတော့ ဈေးကွက်ပိုပြီး ကောင်းလာမှာဖြစ်တယ်” ဟု သုံးသပ်သည်။ ယခင်က တစ်ရှူးငှက်ပျောတင်ပို့ခြင်းသည် နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းများမှသာ တင်ပို့ရသောကြောင့် ကုန်သွယ်ရေး ပမာဏကို ခန့်မှန်းရခက်ကြောင်း ယခုနောက်ပိုင်းတွင် တရားဝင်ဖြစ်လာမည်ဖြစ်သောကြောင့် စာရင်းဇယားအချက်အလက် များမှန်ကန်လာမည့်အပြင် ကုန်သွယ်ရေးအတွက်လည်း အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ဒေါက်တာသက်လွင်ဦးကဆိုသည်။

ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးပေါ်ဦးက “ကျနော်တို့ဆီမှာ စိုက်ဧကသိန်းဂဏန်းရှိတယ်။ တရုတ်ပြည်နဲ့ဆိုရင် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ ဗန်းမော်- လွယ်ဂျယ်ကုန်သွယ်ရေးစခန်း ၂ ခုရှိတယ်။ တစ်ရှူးငှက်ပျောက ကန်ပိုက်တီးကသွားတာများတယ်။ လွယ်ဂျယ်ဘက်က နည်းတယ်”ဟု ဧရာဝတီသို့ပြောသည်။ ပြီးခဲ့သည့် ၂၀၁၈- ၂၀၁၉ ကုန်သွယ်မှု စုစုပေါင်း ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၁၇ ဒသမ ၉၃၆ သန်း ပြုလုပ်နိုင်ငံပြီး ဗန်းမော်-လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုစုစုပေါင်း ဒေါ်လာ ၁၇၄ ဒသမ ၀၃ သန်း ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။ ဦးပေါ်ဦးက “ကုန်သွယ်ရေးစခန်းတွေက တစ်ရှူးငှက်ပျောတင်ပို့တာတွေများတယ်။ ဒါပေမယ့် သဘောထားကွဲလွဲတာလေးတွေလည်းရှိတာပေါ့။ မြေဩဇာတွေပျက်စီးတယ် သဘာဝပတ်ဝန်းကျင်တွေ ထိခိုက်တယ်တို့ဘာတို့ပေါ့။ ဒါကြောင့် ကျနော်တို့ ဒုသမ္မတ ဆွေးနွေးပွဲမှာ ပြောတာ ဒါက ကချင်ပြည်နယ်အတွက် အကျိုးရှိသင့် သလောက်တော့ရှိတယ်။ တစ်ရှူးငှက်ပျော စိုက်ပျိုးမှုတွေကို ကွင်းဆင်း သုတေသနလုပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိရင် ခွင့်ပြုဖို့ တကယ်လို့ အကျိုးမရှိရင် အချိန်မီတားဆီးဖို့တင်ပြထားတယ်”ဟု ပြောသည်။ အဆိုပါ တစ်ရှူးငှက်ပျောကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ် တို့တွင် အများဆုံးစိုက်ပျိုးကြောင်း ဒေါက်တာသက်လွင်ဦးကပြောသည်။

တစ်နိုင်ငံလုံးတွင် ငှက်ပျော စိုက်ဧရိယာ ၂ သိန်း ၆ သောင်းကျော် ဧကစိုက်ပျိုးထားပြီး ကချင်ပြည်နယ်တွင် ဧက ၇ သောင်း ကျော် (၂၉ ရာခိုင်နှုန်း)၊ ဧရာဝတီတိုင်းတွင် ဧက ၆ သောင်းခန့် (၂၃ ရာခိုင်နှုန်း)၊ စစ်ကိုင်းတိုင်းတွင် ဧက ၂ သောင်းကျော် (၉ ရာခိုင်နှုန်း) ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်း ဒေသကြီးတွင် ဧက ၁ သောင်းကျော် အသီးသီးစိုက်ပျိုးထားကြောင်း ၂၀၁၈-၁၉ ခုနှစ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရသိရသည်။ တစ်ရှူးငှက်ပျော စိုက်ပျိုးထုတ်လုပ်တင်ပို့သည့် အေဝမ်းကုမ္ပဏီပိုင်ရှင် ကိုသားငယ်က “အခုကတော့ တစ်ရှူးငှက်ပျော ဈေးကွက်က မငြိမ်ဘူး။ ကုန်းလမ်းကနေပို့ဆောင်ရတဲ့ အပိုင်းမှာတော့ တက်လိုက်ကျလိုက်နဲ့ဖြစ်တယ်။ ၉ လပိုင်းကနေ စပေါ်တဲ့ ငှက်ပျောသီး

ဆိုရင် ဈေးကသိပ်မကောင်းဘူး။ အစပိုင်းဆို တရုတ်ကဝယ်လိုအားကျဆင်းတာပေါ့။ တစ်ရှူးငှက်ပျော တကျင် (1 kg) ကို တရုတ်ငွေ ယွမ် ၂ ကျပ်ခွဲရှိတယ်”ဟု ရောဝတီသို့ပြောသည်။

တရုတ်နိုင်ငံသို့ တစ်ရှူးငှက်ပျောတင်ပို့မှု ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇ သိန်းကျော်တင်ပို့ထားကြောင်း ဒုဝန်ကြီးက ဒီဇင်ဘာလအတွင်းက အမျိုးသားလွှတ်တော်သို့တင်ပြခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်က ကျင်းပသည့် အမျိုးသား လွှတ်တော်၌ ကချင်ဒေသတွင် တရုတ်တစ်ရှူးငှက်ပျောများကို စည်းကမ်းတကျထိန်းချုပ်နိုင်ရန်၊ ဘေးထွက်ဆိုးကျိုးများကို ကြိုတင်တားမြစ်နိုင်ရန်၊ ရသင့်သည့် အခွန်ဘဏ္ဍာများရရှိစေရန် ဌာနဆိုင်ရာအားလုံး ဟန်ချက်ညီညီပါဝင်ရေး အစိုးရကို တိုက်တွန်းကြောင်း အဆိုတခုကို ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း တင်သွင်း ခဲ့ရာ ဒီဇင်ဘာလ ၁၆ ရက်တွင် ယင်းအဆိုကိုလွှတ်တော်မှအတည်ပြုခဲ့သည်။ ဒေါက်တာ ခွန်ဝင်းသောင်းက “ဒေသခံတွေအနေနဲ့ ဒါကို အကျိုးခံစားခွင့်ရချင်မှရမယ်။ နိုင်ငံတော်အနေနဲ့ တရားဝင်ဖြစ်အောင် လုပ်တာတော့ ဒါက ကောင်းတဲ့အလားအလာ ဖြစ်တယ်။ ဒါပေမယ့် ဒေသခံအကျိုးဆိုတာက နှစ်ပိုင်းရှိတယ်။ ဒါကို မကန့်ကွက်တဲ့ သူတွေ ရှိသလို ကန့်ကွက်တဲ့ သူတွေလည်း ရှိတယ်။ ကန့်ကွက်တာကလည်း တစ်ရှူးငှက်ပျောစိုက်ပျိုးလို့မဟုတ်ပါဘူး။ မြေပြဿနာတွေကြောင့်ဖြစ်တယ်”ဟု ရောဝတီသို့ ပြောသည်။ ဆက်လက်၍ ၎င်းက “ကျနော့်အဆိုက အောင်တော့အောင်တယ်။ လက်တွေ့အကောင်အထည်ဖော်မှုက အားနည်း နေသေးတယ်။ ဒါကြောင့် မကြာခင်က ကျနော်တို့ကော်မတီနဲ့ကွင်းဆင်းထားတာရှိတယ်။ ဒီတွေ့ရှိချက်နဲ့ လွှတ်တော်က ကြပ်မတ်မယ်ဆိုကောင်းမှာပါ”ဟု ပြောသည်။

လက်ရှိ တစ်ရှူးငှက်ပျော စိုက်ပျိုးတင်ပို့ရောင်းချခြင်းသည် လုပ်ငန်းရှင်များက ငွေကြေးအရင်းအနှီးနှင့် နာမည်ခံ၍ လုပ်ကိုင် ခြင်းဖြစ်သောကြောင့် ကုမ္ပဏီတဦးချင်းအနေနှင့် အကျိုးကျေးဇူးရရှိနိုင်သော်လည်း ဒေသခံများအနေနှင့် လုပ်အားခသာ ရရှိကြောင်း ၎င်းကရှင်းပြသည်။ ယင်းအပြင် တစ်ရှူးငှက်ပျောစိုက်ပျိုးရာတွင် တရားဝင်မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကိုသုံးစွဲရန်နှင့် ကွင်းဆင်းဆောင်ရွက်နေသည့် လုပ်သားများကို ကာကွယ်ရေးဝတ်စုံဝတ်ဆင်ရန်နှင့် ပိုးသတ် ဆေးဖျန်းမည်ဆိုပါက အုပ်ချုပ်ရေးမှူးမှတဆင့် လူထုထံကြိုတင်အသိပေးရမည်ဆိုသည့် ပညာပေးဆောင်ရွက်ချက်များ လုပ်ဆောင်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးလှကျော်က အမျိုးသား လွှတ်တော်တွင် ပြောကြားထားသည်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/kope.aung/posts/2559646450971231

## ၂၀၂၀ -၂၀၂၁ ကမ္ဘာ့စီးပွားရေးတိုးတက်မှုခန့်မှန်းချက်အား အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့လျှော့ချ



အမေရိကန်နှင့် တရုတ်အကြား ကုန်သွယ်ရေးတင်းမာမှုများ လျှော့ကျ မှုကြောင့် မရေမရာဖြစ်မှုများ နည်းပါးသွားသော်လည်း ကမ္ဘာ့စီးပွားရေး သည် အဆိုးဆုံးကျဆင်းမှုကို ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဇန်နဝါရီ ၂၀ တွင် ပြောကြားခဲ့ သည်။ ၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို ယခင်က ၃.၄ ရာခိုင်နှုန်းဟု ခန့်မှန်းထားရာမှ ယခုအခါ ၃.၃ ရာခိုင်နှုန်း သို့ IMF က လျှော့ချခဲ့သည်။ ၂၀၂၁ အတွက် ခန့်မှန်းချက်ကိုလည်း IMF က ၃.၄ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းခဲ့သည်။

အိန္ဒိယတွင် စီးပွားရေး သိသိသာသာ နှေးကွေးသွားမှုက ကမ္ဘာ့စီးပွားရေး အကျဘက်ယိမ်းမှုတွင် အဓိကဖြစ်ခဲ့ကြောင်း IMF က ပြောကြားခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများ၌ ရှုန်းကန်နေရ သော အိန္ဒိယသည် စားသုံးမှုကျဆင်းနေပြီး ရင်းနှီးမြှုပ်နှံမှု ကျဆင်းမှု၊ ဘတ်ဂျက်လိုငွေပြမှုတို့နှင့် ရင်ဆိုင်နေရသည်ဟု IMF ၏ ဥက္ကဋ္ဌ ခရစ္စတာလီနာဂျော်ဂျီဗာက ထောက်ပြခဲ့သည်။ အိန္ဒိယစီးပွားရေးသည် ယခုနှစ်တွင် ၁.၂ ရာခိုင်နှုန်းတိုးတက်ပြီး ၂၀၂၁ ခုနှစ် ၌ ၀.၉ ရာခိုင်နှုန်းတိုးတက်မည်ဟု IMF က ခန့်မှန်း ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် စီးပွားရေးနှေးကွေးသွားခဲ့ပြီးနောက် ယခုနှစ်နှင့်လာမည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးသည် အသင့်အတင့်

ပြန်လည်တိုးတက်မည်ဟုမျှော်မှန်းကြောင်း ဒါးဗို့စ်တွင်ကျင်းပမည့် အကြိမ် (၅၀) မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်မတိုင်မီ ဂျော်ဂျီဗာကပြောကြားခဲ့သည်။

တည်ငြိမ်မှုလက္ခဏာများ မြင်နေရပြီဖြစ်သော်လည်း အလှည့်အပြောင်းကို မရောက်ရှိသေးကြောင်း ဂျော်ဂျီဗာက ထောက်ပြခဲ့သည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးများဖြစ်သော တရုတ်နှင့်အမေရိကန်အကြားတွင် မဖြေရှင်းရသေးသော ပြဿနာများ ကျန်ရှိနေပြီး အကျပ်အတည်းရှိနေဆဲဖြစ်ကြောင်း IMF က ပြောကြားခဲ့သည်။ ယင်းအခြေအနေတွင် မူဝါဒချေလှမ်းမှုများက အားနည်းနေသော ကမ္ဘာ့စီးပွားရေးကို ထပ်မံချည့်နဲ့ စေလိမ့်မည်ဟု World Economic Outlook အစီရင်ခံစာ၌ IMF က ပြောကြားခဲ့သည်။ အများအကျိုးပြုအဖွဲ့ Oxfam က ဇန်နဝါရီ ၂၀ တွင် ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာ၌ ကမ္ဘာတွင် လူမှုမညီမျှမှုများ ကြီးထွားလာနေကြောင်း သတိပေးခဲ့ပြီး ဘီလျံနာ ၂၁၅၃ ဦး၏ ချမ်းသာကြွယ်ဝမှုသည် ကမ္ဘာ့အဆင်းရဲဆုံးသူ ၄.၆ ဘီလျံ၏ပိုင်ဆိုင်မှုထက် ပိုကြောင်း ဖော်ပြခဲ့သည်။

ကုန်သွယ်ရေးစစ်ပွဲ ရပ်စဲထားမှုကြောင့် တရုတ်စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို IMF က တိုးမြှင့်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၆ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းခဲ့သည်။ လာမည့်နှစ်တွင်မူ တရုတ်စီးပွားရေး တိုးတက်မှု ၅.၈ ရာခိုင်နှုန်းသို့ ပြန်လည် နှေးကွေးသွားမည်ဖြစ်သည်။ အာရှစီးပွားရေး အင်အားကြီးတရုတ်သည် ဖြည်းဖြည်းမှန်မှန်နှင့် အချိန်အတန်ကြာ တိုးတက်နေဦးမည်ဖြစ်သည်။ အမေရိကန် စီးပွားရေး တိုးတက်မှုသည် ယခုနှစ်တွင် ၂ ရာခိုင်နှုန်းရှိမည်ဟု IMF က လျှော့ချခန့်မှန်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းခဲ့သည်။ ဝါရှင်တန်နှင့်ပေကျင်းသည် ၂၀၁၈ ခု နှစ်မှစပြီး ဒေါ်လာ ဘီလျံနှင့်ချီသော ကုန်စည်များအတွက် စည်းကြပ်ခွန်များ အပြန်အလှန်ပြဌာန်းခဲ့ကြသည်။ ယင်းကုန်သွယ်ရေးစစ်ကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၀.၈ ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု IMF က ခန့်မှန်းခဲ့သည်။

**Source:** https://news-eleven.com/article/155555

## ကုန်သွယ်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် Business Visa Extension ထောက်ခံချက်ကို Online မှ လျှောက်ထားနိုင်တော့မည်






မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စား ကုန်သွယ်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် မြန်မာ၊ နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီများ၊ Branch Office များမှ ပညာရှင်များ၊ အကြံပေးများနဲ့ အဆင့်မြင့်နိုင်ငံခြားသားဝန်ထမ်းများ၏ စီးပွားရေးဗီဇာသက်တမ်းတိုး ထောက်ခံခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယခင်ကစာရွက်စာတမ်း(၁၆)မျိုး တင်ပြစေခဲ့ရာမှ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန စတင်တာဝန်ယူချိန်မှစတင်၍ Online မှ Application form ရယူဖြည့်သွင်းပြီး အထောက်အထား (၄) မျိုးသာ တင်ပြစေခြင်းဖြင့် လျှော့ချဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါ ခေတ်စနစ်နှင့်ပိုမိုလိုက်လျောညီထွေဖြစ်စေပြီး လာရောက်လျှောက်ထားသူ မြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီများ၊ Branch Office များ ပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက် စီးပွားရေး

ဗီဇာသက်တမ်းတိုးထောက်ခံချက်ကို Online Application Form အသုံးပြုပြီး လျှောက်ထားသည့်စနစ်ကို ၂၀၂၀ ခုနှစ် တွင် စတင်အသုံးပြုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ပြီး လာမည့်ဖေဖော်ဝါရီလမှစတင် အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။

Business Visa Extension ထောက်ခံချက်ကို Online မှ လျှောက်ထားနိုင်သောကြောင့် ကုမ္ပဏီများအနေဖြင့် အချိန်ကုန်သက်သာခြင်း၊ လွယ်ကူလျှင်မြန်ခြင်းနှင့် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ပြီး ကုမ္ပဏီများအနေဖြင့် ထောက်ခံချက်ထုတ်ယူချိန် တစ်ကြိမ်သာလာရောက်ရမည်ဖြစ်ပါသည်။ ယခုဖြေလျော့မှုသည် မိမိတို့ဝန်ကြီးဌာန၏ ကုန်သွယ်မှုအခက်အခဲများ ဖြေရှင်းခြင်းနှင့်ကုန်သွယ်မှုမြင့်တင်ရေးအတွက် တစ်ဖက်တစ်လမ်းမှအကျိုးပြုစေမည်ဖြစ်ပြီး Ease of Doing Business အတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ပါသည်။

**Source: MITC News**

## မြန်မာနိုင်ငံ၏ ပထမဆုံးသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြင့် မြန်မာ့သနပ်ခါးကို UNESCO သို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်နေ



မြန်မာနိုင်ငံ၏ ပထမဆုံးသောဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကို ယူနက်စကို-UNESCO သို့ တင်သွင်းနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သုံးစွဲနေသည့် မြန်မာ့သနပ်ခါးကို တင်သွင်းသွားရန်စီစဉ် ဆောင်ရွက်နေကြောင်း နေပြည်တော်ရှိ အမျိုးသားပြတိုက်တွင် ပြုလုပ်သည့် မြန်မာ့သနပ်ခါးအား ကမ္ဘာ့အမွေအနှစ်စာရင်းသို့တင်သွင်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့မှ အဖွဲ့ဝင် ဒေါက်တာနုမြဇံကပြောပြသည်။

သနပ်ခါးကို မြန်မာတို့ရှေးယခင်ကတည်းမှ သုံးစွဲလာကြပြီး ယခုမြန်မာ့သနပ်ခါးသည် မြန်မာသာမက အိမ်နီးချင်းနိုင်ငံများကပါ မြန်မာ့သနပ်ခါးကို အခြားထုတ်ကုန်အဖြစ် ချိုင်းချွေးနံ့ပျောက်ဆေးများ၊ မျက်နှာဖောင်တိမ်းရှင်း မိတ်ကပ်များ၊ သနပ်ခါးကိုအသုံးပြုပြီး Body Lotion များထုတ်လုပ် လာကြောင်း၊ ထိုသို့ထုတ်လုပ်လာမှုများကြောင့် မူပိုင်သနပ်ခါးအဆင့်ပျောက်သွားနိုင်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ နည်းပညာများသုံးပြီး ထုတ်လုပ်နေသည့်အတွက် မြန်မာ့သနပ်ခါးကို ယင်းတို့နိုင်ငံများတွင် ယူစိုက်လာပါက မူပိုင်ပျောက်နိုင်ကြောင်း၊ ထို့ကြောင့် မြန်မာ့သနပ်ခါးကို မြန်မာနိုင်ငံမှ အရင်ဆုံးတင်သွင်းထားခြင်းမရှိပါက မူပိုင်ပျောက်ဆုံးသွားမည်ကို စိုးရိမ်ရသည့်အတွက် မြန်မာ့သနပ်ခါးကို ယဉ်ကျေးမှုမူပိုင်အတွက် အရင်ဆုံးတင်သွင်းရန်လုပ်ဆောင်နေကြောင်း၊ ထိုသို့တင်သွင်းရာတွင် သနပ်ခါးအမည်ဖြင့်မဟုတ်ဘဲ မည်သည့်အမည်ဖြစ်တင်သွင်းမည်လဲကို ပညာရှင်များဖြင့် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ် ကြောင်းလည်း ပြောပြသည်။ " မြန်မာနိုင်ငံမှာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နဲ့ပတ်သက်ပြီးတော့ ပြည်သူများအားလုံး အသိ ပညာ နည်းပါးနေပါသေးတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုတာဟာ ယဉ်ကျေးမှုအမွေအနှစ်ကို နှစ်မျိုးခွဲ ခြားနိုင်ပါတယ်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်နဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်လို့ခေါ်ပါတယ်။ ဒြပ်ရှိဆိုတာ ရုပ်ဝတ္ထုအကောင်အထည်ရှိတယ်။ ထိတွေ့ကိုင်တွယ်လို့ရတယ်။ ရွှေ့ပြောင်းလို့ ရတာရယ်၊ မရတာရယ် နှစ်မျိုးစလုံးပါဝင်ပါတယ်။'' ဟု ၎င်းကဆိုသည်။

ယခုလက်ရှိ ကမ္ဘာ့အမွေအနှစ်တင်သွင်းနေသည့် ပျူ ပုဂံမြို့ဟောင်းတို့နှင့် လက်ရှိဆောင်ရွက်နေဆဲဖြစ်သည့် ညောင်ဦးတို့သည် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြကာ ကမ္ဘာ့အမွေအနှစ်စာရင်းကို တစ်ချို့ကတင်သွင်းပြီး တစ်ချို့ကတင်သွင်းဆဲဖြစ်ကြောင်း၊ ထို့ပြင် ပြတိုက်များထဲတွင် ထိန်းသိမ်းပြသထားသည့် ရှေးဟောင်းပစ္စည်းတွေသည်လည်း ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြကြောင်းသိရသည်။

**Source:** https://www.myanmaplatform.com/a/37843.html

## ကမ္ဘာ့ဘဏ်လုပ်ငန်းစုအဖွဲ့ဝင်မှ 2c2p ကုမ္ပဏီတွင် ကန်ဒေါ်လာ ၅၂ သန်း ရင်းနှီးမြှုပ်နှံ




ပြည်တွင်း၌ အွန်လိုင်းပေါ်က ငွေပေးချေမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် 2c2p ကုမ္ပဏီတွင် World Bank's International Finance Corp., Cento Ventures နှင့် Arbor Ventures တို့က အမေရိကန်ဒေါ်လာ ၅၂ သန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံခဲ့ကြောင်း အဆိုပါကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မိုးကပြောသည်။ ''ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို အခြေခံပြီး ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေမှာ ဆက်လက်ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်''ဟု ၎င်းကပြောသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး 2c2p ကုမ္ပဏီက ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့ရာတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာရန် ကမ္ဘာ့ဘဏ်လုပ်ငန်းစုများက ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်ပြီး ထိုရင်းနှီးမြှုပ်နှံမှုဖြင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များအတွက် နည်းပညာစွန့်ဦး ဖွံ့ဖြိုးရေးအစီအစဉ်များ၊ နိုင်ငံတကာလူသားအရင်းအမြစ် ခန့်အပ်ခြင်း၊ ဒေသတွင်းဈေးကွက်ခိုင်မာဖွံ့ဖြိုးခြင်းနှင့်ကမ္ဘာ့ဈေးကွက်သို့ချဲ့ထွင်ခြင်း အစီအစဉ်များတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ''၂၁ ရာစုရဲ့ စီးပွားရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ဒစ်ဂျစ်တယ်ငွေပေးချေမှုက အချိန်နှင့်တစ်ပြေးညီလိုအပ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ပါဝင်ကူညီထောက်ပံ့ဖို့ ဆုံးဖြတ်ခဲ့တာ''ဟု Arbor Ventures ပူးတွဲတည်ထောင်သူနှင့် စီမံခန့်ခွဲမှုမိတ်ဖက် Mr Melissa C.Guzy ကပြောသည်။

World Bank's International Finance Corp., Cento Ventures နှင့် Arbor Ventures တို့သည် ကမ္ဘာ့ဘဏ်လုပ်ငန်းစု၏ အဖွဲ့ဝင်တစ်ခုဖြစ်ပြီး ကမ္ဘာ့ဘဏ်နှင့်တွဲဖက်အဖွဲ့အစည်းဖြစ်ကာ ကမ္ဘာ့တစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နေသည့် လုပ်ငန်းစုဖြစ်သည်။ 2c2p ကုမ္ပဏီသည် ပြည်တွင်း၌ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ ဘဏ်များ၊ အွန်လိုင်းကုန်သွယ်မှုများ (ecommerce)၊ မိုဘိုင်းဖုန်းကတစ်ဆင့်ကုန်သွယ်မှုများ (mcommerce) လုပ်ငန်းများကို Myanmar Payment Union (MPU) နှင့်လက်တွဲပြီး ၂၀၁၅ ခုနှစ်ကတည်းက လုပ်ကိုင်နေခြင်းဖြစ်ပြီး ဒေသတွင်းလုပ်ငန်းစုများ၊ လေကြောင်းလိုင်းများ၊ ကမ္ဘာ့ထိပ်တန်းအရောင်းဆိုင်များ၏ မိတ်ဖက်ငွေပေးချေမှုကုမ္ပဏီအဖြစ် ရပ်တည်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/134192.html

## ကြက်သားဈေးတစ်ပိဿာ ကျပ် ၁၀၀၀ ခန့်ကျဆင်းပြီး တစ်ပတ်အတွင်းအရောင်းအဝယ် သုံးပုံတစ်ပုံခန့်ကျဆင်း

ကြက်သားဈေး တစ်ပိဿာ လျှင်ကျပ် ၁,၀၀၀ ခန့်ကျဆင်းပြီး အရောင်းအဝယ် သုံးပုံတစ်ပုံခန့် ကျဆင်းကြောင်း မြန်မာနိုင်ငံကြက်၊ ဘဲမွေးမြူထုတ်လုပ်ရောင်းချသူများအသင်း တာဝန်ရှိသူများကပြောသည်။ ရန်ကုန်မြို့ရှိ မြို့နယ်သုံးခုတွင် ကြက်သားအစိမ်းများ၌ အစာအဆိပ်သင့် စေနိုင်သောဆဲလ်မိုနဲလားပိုးတွေ့ရှိကြောင်း စာတမ်းတစ်စောင်ထွက်လာပြီး တစ်ပတ်အကြာတွင် ကြက်သားဈေးကျဆင်းမှု ပိုဆိုးရွားလာကြောင်း အထက်ပါတာဝန်ရှိသူများကဆိုသည်။ ထို့ကြောင့် ကြွားသားထုတ်လုပ်မှုနှင့်အစားအသောက်ဘေးကင်းလုံခြုံရေး ကိစ္စရပ်များဆိုင်ရာ ရှင်းလင်းပွဲကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် (ရန်ကုန်)၌ မြန်မာနိုင်ငံ ကြက်၊ ဘဲမွေးမြူထုတ်လုပ် ရောင်းချသူများ အသင်းက ဇန်နဝါရီ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည်။

"စာတမ်းထဲမှာ ပါတဲ့ဟာ အသိပေးတာကနေ အပြစ်ပေးသလိုဖြစ်သွားတယ်။ ဖြစ်ဖြစ်ချင်း ကြက်သားဈေးက ၂,၀၀၀ အထိပြုတ်ကျသွားတယ်။ မွေးမြူသူတွေအတွက် အခက်အခဲ ဖြစ်လာကြတယ်။ ရှင်းလင်းပွဲလုပ်မှ အဆင်ပြေတော့မှာမို့ လုပ်ရတာပါ" ဟုမြန်မာနိုင်ငံ မွေးမြူရေးအစားထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာလှလှသိန်းက ပြောသည်။

ဆဲလ်မိုနဲလားပိုး တွေ့ရှိသည်ဆိုသော စာတမ်းမထွက်မီအထိ ကြက်သားဈေးကွက်တွင် ကြက်သားတစ်ပိဿာကျပ် ၃,၂၀၀ မှကျပ် ၃,၄၀၀ အထိရှိခဲ့ပြီး (ဇန်နဝါရီ ၂၁ ရက်)တွင် ကြက်သားတစ်ပိဿာကျပ် ၂,၃၀၀ သာရှိတော့ကြောင်း မြန်မာနိုင်ငံကြက်၊ ဘဲမွေးမြူထုတ်လုပ်ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်ကဆိုသည်။ "ဆဲလ်မိုနဲလားကိစ္စကြောင့် အစာထုတ်လုပ်သူ၊



မွေးမြူသူမွေးခြံတွေက သုံးပုံ တစ်ပုံလောက် ရပ်ဆိုင်းသလိုဖြစ်နေတယ်။ ၂,၃၀၀ ဈေးနဲ့ရောင်းနေတယ်။ တစ်ပိဿာထုတ်လုပ်မှုက ၂,၈၀၀ တစ်ပိဿာ ၅၀၀ ရှုံးနေတယ်'' ဟု ၎င်းက ပြောသည်။ ဝယ်ယူစားသုံးသူမရှိသလောက် နည်းပါးနေခြင်းကြောင့် ကြက်သားဈေးနှုန်းကျဆင်းမှုသည့် ယနေ့အထိ အကျဘက်သို့သာ ဦးတည် နေကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ဘဲဈေးသာယာရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးခင်မောင်လွင်ကဆိုသည်။ ''ဆဲလ်မိုနဲလားဆိုတာ အခုမှတွေ့တာလား။ မိရိုးဖလာ စားသုံးလာတာလား သိဖို့လိုမယ်။ နောက်ပြီး အစိုးရအနေနဲ့ ကြက်သားကိုဘယ်လိုစားသုံးသင့်တယ်။ သန့်ရှင်းစွာရောင်းရမယ်ဆိုတဲ့ ပုံစံတွေ ပြဋ္ဌာန်း ပေးဖို့လိုမယ်''ဟု ဦးခင်မောင်လွင်ကအကြံပြုသည်။

ကြက်သားဈေးကွက် ကမောက်ကမဖြစ်ခဲ့သည့် ဖြစ်စဉ်နှစ်ခုရှိပြီး ကြက်ငှက်တုပ်ကွေးနှင့်ဝက်တုပ်ကွေး သတင်းများ ပျံ့နှံ့မှုများကြောင့်ဖြစ်ပြီး ယခုအခြေအနေမှာ ဆိုးရွားလာကြောင်း ဒေါက်တာလှလှသိန်းကဆိုသည်။ ''ကြက်၊ ဘဲ မွေးတဲ့သူဘက်တင် မဟုတ်ဘူး။ စားသုံးသူဘက်ကပါဆုံးရှုံးတယ်။ ကြက်သားစားသုံးမှု တစ်စုံတစ်ရာလွဲချော်ရင် အစိုးရအဖွဲ့ကိုလည်း သတင်း ပေးချင်တယ်။ ရန်ကုန်မြို့ ဘာဖြစ်မလဲဆိုတော့ ကုန်ဈေးနှုန်း ကမောက်ကမ ဖြစ်လာနိုင်တယ်''ဟု ဒေါက်တာလှလှသိန်းက ပြောသည်။ မြန်မာနိုင်ငံတွင် တစ်ရက်လျှင် ကြက်အကောင်ရေငါးသိန်းနှင့် ကြက်ဥအလုံးရေ ၁၁၇ သိန်းထွက်ရှိမှုအနက် ရန်ကုန်မြို့၏အသုံးပြုမှုမှာ ထက်ဝက်ခန့်ရှိကြောင်း မြန်မာနိုင်ငံ ကြက်၊ ဘဲမွေးမြူထုတ်လုပ်ရောင်းချသူများအသင်းကဆိုသည်။

**Source:** https://7day.news/%E1%80%80%E1%80%BC%E1%80%80%E1%80%BA%E1%80%9E%E1%80%AC%E1%8

## ဇန်နဝါရီလအတွင်း ဆိတ်အရှင်တင်ပို့မှု ဈေးကွက်ကျဆင်းနေ



၂၀၂၀ ခုနှစ် ဇန်နဝါရီလအတွင်း၊ နယ်စပ်ဒေသများမှ ပြည်ပသို့ ဆိတ်အရှင်တင်ပို့နေမှု ဈေးကွက်ကျဆင်းနေကြောင်း စီးပွားဖြစ်ဆိတ် မွေးမြူသူများကပြောသည်။ ဆိတ်အရှင်တင်ပို့နေတာမှာ အခုတလော ကတော့ ဈေးကွက်အခြေအနေက မလှဘူး။ နှစ်ကူးဆိုရင်တရုတ်ကလည်း ဆိတ်မဝယ်တော့ဘူးလေဟု ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ မဟာနန်းတော် ဆိတ်မွေးမြူရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသူရစိုး ကပြောသည်။

ဈေးကွက်အတွင်း၌ အလေးချိန်ပေါင် ၁၀၀ အထက်ရှိသည့် ဆိတ်အရှင်တစ်ကောင်လျှင် တစ်ပေါင် ၁၉၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်း၊ အလေးချိန် ပေါင် ၁၀၀ အောက်ရှိသည့် ဆိတ်အရှင် တစ်ကောင်လျှင် တစ်ပေါင်ဈေးနှုန်း ကျပ် ၁၈၅၀ မှ ၁၉၀၀ အထိ ပေါက်ဈေးရှိကြောင်းသိရသည်။ လွန်ခဲ့တဲ့ တစ်လကတော့ လာအိုလမ်းကြောင်းဖွင့်တော့ တစ်ပေါင်ကို ကျပ်၂၀၀၀ ကျော်သွားပါသေးတယ်။ အခုတော့ လာအိုကလည်းအဝယ်အေးတော့ ဈေးက ကျဆင်းလာတာပါ။ ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁၀ ရက်အထိ၊ ဆိတ်အရှင်ဈေးက အလေးချိန်တစ်ပေါင်ကို ကျပ် ၂၀၀၀ ကျော်ခဲ့ပါသေးတယ်။ အခုတော့ ဈေးက ကျပ် ၂၀၀၀ ထောင်အောက်မှာပါဟု ၎င်းကဆိုသည်။ နယ်စပ်မှတဆင့် ဆိတ်အရှင် တင်ပို့ရောင်းချမှုကို ပြည်တွင်းရှိ အညာဈေးကွက်အပြင်၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/decrease_market_of_goat_export

## ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၌ ဝဥအခြောက်ခံစက်ရုံ ဖွင့်လှစ်မည်

ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) ၏ ကြီးကြပ်မှုတို့ဖြင့် ချင်းတောင်ရတနာကုမ္ပဏီ (Chin Hills Treasure Company Limited) မှ ဝဥလွှာအခြောက်ခံစက်ရုံ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ဝဥလွှာခြောက်စက်ရုံတည်နေရာမှာ ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာ၌ဖြစ်ပြီး၊ စက်ရုံတည်ထောင်ရာတွင် ဒေသခံဝဥစိုက်ပျိုးသူများ စုပေါင်းရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်ထားသည်။

ချင်းပြည်နယ်ရဲ့ အဓိက စိုက်ပျိုးရေးထုတ်ကုန်ဖြစ်တဲ့ ဝဥကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ဖို့အတွက် ဝဥလွှာခြောက်စက်ရုံတွေ၊ စားသောက်ကုန်လုပ်ငန်း စက်ရုံတွေ ထူထောင်လည်ပတ်သွားနိုင်ဖို့ကို အမှန်တကယ် လိုအပ်ပါတယ်။ ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း (MFVP) ၏ ချင်းပြည်နယ်တောင်ပိုင်း ဥက္ကဋ္ဌ ဦးမိုးကျော်သူက ပြောသည်။

စက်ရုံဖွင့်ပွဲအခမ်းအနားကို ၂၀၂၀ ခုနှစ် ဇန်နဝါရီ(၂၆)ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ချင်းတောင်ရတနာကုမ္ပဏီ (Chin Hills Treasure Company Limited) ကို ၂၀၁၈ ခုနှစ်မှ စတင်ကာ စုစည်းခဲ့ပြီး၊ ၂၀၁၉ခုနှစ်တွင် မင်းတပ်တောင်သူအစုအဖွဲ့ကုမ္ပဏီ၊ ကန်ပက်လက်တောင်သူအစုအဖွဲ့ကုမ္ပဏီ၊ မတူပီတောင်သူအစုအဖွဲ့ကုမ္ပဏီနှင့် ဗစ်ထရီဂါးဒင်းကုမ္ပဏီစသည့် ကုမ္ပဏီ(၄)ခု စုပေါင်းပြီး၊ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/open_elephant_foot_yam_industry_in_Chin_State

## ပြည်တွင်း ငရုတ်ဈေးကွက်ကောင်းနိုင်



တရုတ်နှစ်သစ်ကူးပြီးချိန်နှင့် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံဘက်မှ ငရုတ်ထွက်ရှိတဲ့ ရာသီကုန်ဆုံးချိန်တွင် ပြည်တွင်းမှအဝယ်များလာပြီး ငရုတ်ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်းမှ သိရပါတယ်။ လက်ရှိတွင် ပြည်တွင်း ငရုတ်ဈေးနှုန်းနှင့် ထိုင်းနိုင်ငံမှ ငရုတ်ဈေးနှုန်းတူညီနေခြင်း၊ တရုတ် နှစ်သစ်ကူးကာလနီးလာခြင်းတို့ကြောင့် ပြည်တွင်းမှထွက်ရှိတဲ့ငရုတ်များကို ပြည်ပသို့ တင်ပို့မှု ယခုရက်ပိုင်းအတွင်း နည်းပါးနေသေးပါတယ်။

လက်ရှိတွင် ထိုင်းငရုတ်နဲ့ဈေးတူနေတဲ့အတွက် အဝယ်နည်းပြီး ဖေဖော်ဝါရီလတွင် သူတို့ဆီမှာ ရာသီကုန်ဆုံးချိန်ဖြစ်တဲ့အတွက်ကြောင့် အဲဒီအချိန်ရင် ဒီဘက်ကထွက်မယ့် ငရုတ်ကို တင်ပို့နိုင်ပြီး ယခုတော့ အရင်ဆုံးထွက်တဲ့အသီးတွေပေါ်နေတော့ အရွယ်နည်းနည်းကြီးနေသေးတယ်။ ပထမတစ်သုပ်ခူးပြီး အခြောက်လှမ်း၊ နောက်တစ်သုပ်ခူးပြီး နောက်အသီးမှာ အနည်းငယ်သေးပြီး အဲဒီအချိန်ဆိုရင်တော့ တင်ပို့ဖို့အဆင်ပြေတယ်ဟု အသင်းဥက္ကဋ္ဌမှ ပြောကြားခဲ့ပါတယ်။

ငရုတ်သီးကို ငါးရက်တစ်ကြိမ်၊ ၁၅ ရက်တစ်ကြိမ် ခူးဆွတ်လေ့ရှိပြီး စိုက်ခင်းအရောက် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၁၀၀ နှင့် သန့်စင်ပြီး ပွဲရုံအရောက် ဈေးနှုန်းမှာ တစ်ပိဿာ ၁၅၀၀ ကျပ်အထိရှိကြောင်း လတ်တလောတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း၊ ချောင်းကြီး၊ အိမ်မဲ၊ ပန်းတနော်အစရှိတဲ့မြို့နယ်တို့မှ ငရုတ်များထွက်ရှိကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2632-chilli-market.html

## ဘာရူနိုင်းနိုင်ငံ သခွားမွှေး တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိ
## လတ်ဆတ်သောသစ်သီးများ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ခွင့်ရရှိ

၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် ဘာရူနိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မှုမှာ ၁၁၆.၈%မြင့်တက်ခဲ့ကာ အာဆီယံနိုင်ငံ (၁၀)နိုင်ငံအနက် တရုတ်နိုင်ငံသို့ တင်ပို့မှုမြန်နှုန်းအမြင့်ဆုံးသော နိုင်ငံဖြစ်လာလျက်ရှိကြောင်း သိရပါသည်။ ဒီဇင်ဘာလ၊ ၂၇ ရက်နေ့တွင် တရုတ်နိုင်ငံ အကောက်ခွန်ဌာနချုပ်မှ "ဘရူးနိုင်းနိုင်ငံမှ တင်သွင်းသောသခွားမွှေး ပိုးမွှား ကင်းစင်ရေး တောင်းဆိုချက်ဆိုင်ရာ အသိပေးကြေညာချက်"ထုတ်ပြန်လိုက်ခြင်းမှာ ဘာရူနိုင်းနိုင်ငံ၏ သခွားမွှေးများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ပြီဖြစ်ကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်ပါသည်။ တောင်းဆိုချက်များအရ ဘာရူနိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သော သခွားမွှေး စိုက်ပျိုးမှုအခြေစိုက်စခန်းနှင့် ထုတ်ပိုးစက်ရုံမှာ ဘရူးနိုင်းနိုင်ငံ မူလအရင်းအမြစ်နှင့် ခရီးသွားလာရေးဌာန(MPRT)မှ စစ်ဆေးသုံးသပ်မှတ်တမ်းတင်သွားရမည်ဖြစ်ပြီး တရုတ်နိုင်ငံအကောက်ခွန်ဌာနချုပ်တွင် မှတ်ပုံတင် ခွင့်ပြုချက်ရယူသွားရမည်ဖြစ်သည်။ မှတ်ပုံတင်အမည်စာရင်းမှာ ပထမတင်ပို့ရာသီမတိုင်မီကတည်းက ဘာရူနိုင်းနိုင်ငံ မူလ အရင်းအမြစ်နှင့် ခရီးသွားလာရေးဌာနမှ တရုတ်နိုင်ငံအကောက်ခွန်ဌာနချုပ်သို့ တင်ပြသွားရမည်ဖြစ်သည်။

ဤသည်မှာ ဘာရူနိုင်းနိုင်ငံ၏ ပထမဆုံး တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိခဲ့သည့် လတ်ဆတ်သော သစ်သီးအမျိုးအစားဖြစ်ပါသည်။ ဒီဇင်ဘာလလယ်တွင် ဘာရူနိုင်းနိုင်ငံ မူလအရင်းအမြစ်နှင့် ခရီးသွားလာရေးဌာနဌာနမှူး Haji Aliမှ တရုတ်နိုင်ငံသို့ ခရီးစဉ်သွားရောက်သည့် ကာလအတောအတွင်း တရုတ်နိုင်ငံဖြင့် လတ်ဆတ်သောသခွားမွှေး၏ ပိုးမွှားကင်းစင်ရေး တောင်းဆိုချက် ပရိုတိုကောကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင်နှစ်ဦးနှစ်ဖက်မှ ဘာရူနိုင်းအသားအမျိုးအစားစသည့် အခြားစိုက်ပျိုးထုတ်ကုန်များ၏ တရုတ်နိုင်ငံသို့တင်ပို့ခြင်းအတွက် နှစ်ဦးနှစ်ဖက်ဆွေးနွေးမှုများ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရပါသည်။ လက်ရှိအချိန်အထိ တရုတ်နိုင်ငံသို့ သခွားမွှေးတင်ပို့နိုင်သော နိုင်ငံ(၃)နိုင်ငံရှိပါသည်။ ၎င်းတို့မှာ မြန်မာ၊ ဥဇဘက်ကစ္စတန်နှင့် ဘာရူနိုင်းတို့ ဖြစ်ပါသည်။Yazhoushuiguowang မှ ကောက်နုတ်ဖော်ပြသည်။

Source:https://www.facebook.com/shweliayarnews/

## ဂျပန်အစိုးရက ယန်း ၁၀ မီလီယံနှင့်အထက် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့်
## ထွန်းသစ်စလုပ်ငန်းများကိုအခွန်လျှော့ချပေးရန်ပြင်ဆင်နေ

ဂျပန်နိုင်ငံအစိုးရ အုပ်ချုပ်ရေးပိုင်းအရာရှိများသည် ယန်း ၁၀ မီလီယံနှင့်အထက် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် ထွန်းသစ်စ အသေးစားနှင့်အလတ်စားလုပ်ငန်းများကို အခွန်လျှော့ချပေးရန် စဉ်းစားပြင်ဆင်လျှက်ရှိပါသည်။ ထိုအုပ်ချုပ်ရေးပိုင်း အရာရှိများအနေဖြင့် လက်ရှိကာလတို့ဆိုင်းနေသည့် နိုင်ငံ၏ စီးပွားရေးအင်အားကို ပြန်လည်ရှင်သန်တိုးတက်လာစေရန် နည်းလမ်းတစ်ခုအဖြစ်လာမည့် ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်မှအစပြုကာ အခွန်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပါဝင်သည့် ရည်မှန်းချက်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော်ရန် ပြင်ဆင်လျှက်ရှိပါသည်။ ထိုသို့ဆောင်ရွက်မှုသည် အမေရိကန်၊ တရုတ်နှင့်အီးယူနိုင်ငံများရှိ ထွန်းသစ်စလုပ်ငန်းများနှင့်နှိုင်းယှဉ်ပါက နောက်ကျနေသည့် ဂျပန်

ထွန်းသစ်စလုပ်ငန်းများအတွက် တီထွင်ဆန်းသစ်မှုအပိုင်းတွင် အဓိကအထောက်အပံ့သဖွယ်ဖြစ်ပါသည်။ ကုမ္ပဏီကြီးများ အနေဖြင့် ယန်း ၁၀၀ မီလီယံနှင့်အထက် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပြီး အခွန်ကင်းလွတ်လျှော့ချခွင့်ရရှိရန် လိုအပ်သည့် သတ်မှတ်ချက်များ ပြည့်မီရမည်ဖြစ်ပါသည်။ ယခုပြင်ဆင်နေသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် အခွန် လျှော့ချမည့် အစီအစဉ်သည် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလအစောပိုင်းကတည်းက တည်ထောင်ထားသော စာရင်းဝင်ကုမ္ပဏီ မဟုတ်သည့် လုပ်ငန်းများနှင့် ကုမ္ပဏီကြီးများကဦးဆောင်သည့် ကော်ပိုရေးရှင်းအစုအဖွဲ့ဝင်မဟုတ်သော လုပ်ငန်းငယ်လေးများအတွက် ရည်ရွယ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါလုပ်ငန်းငယ်လေးများအနေဖြင့် အနည်းဆုံး တစ်နှစ်တာ ကာလရှိသည့် ထွန်းသစ်စလုပ်ငန်းရှယ်ယာဝေစု ရှိထားရန်လိုအပ်ကြောင်းဖြင့် ထိုအခွန်ကင်းလွတ်သက်သာခွင့်ကို မမှန်မကန် တောင်းခံခြင်းမပြုလုပ်နိုင်ရန် ကာကွယ်ထားပါသည်။ ထွန်းသစ်စလုပ်ငန်းငယ်လေးများအတွက် အခွန်လျှော့ချပေးမည့် အစီအစဉ်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှရရှိမည့် ဝင်ငွေခွန်၏ ၅ ရာခိုင်နှုန်းကို လျှော့ချသွားမည်ဖြစ်ပြီး လုပ်ငန်းလေးများ အနေဖြင့် ဆုံးရှုံးနစ်နာမှုအတွက် တစ်စုံတစ်ခုသော ငွေပမာဏကို အရန်ငွေအဖြစ်ထားရှိဆောင်ရွက်ခွင့်ပြုမည့် အစီအစဉ်များ ကိုပါ ခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-ဂျပန်**

## STOCK EXCHANGE (22.1.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 1,295 | 14,392,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | -50 | -1.28% | 3,850 | 3,850 | 3,850 | 4,996 | 19,234,600 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,000 | 23,500 | 23,000 | 758 | 17,471,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |


### Market summary

As of 22nd Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.36 | -10.42 | -2.22% | 467.36 | 467.36 | 458.36 | 7,049 | 51,098,600 | 5 | 627,645 |

**Index chart**



# Market Overview

As of 12:00 pm, 22nd Jan. 2020

| MYANPIX | 467.36 ▼ 1.42 |
|---|---|
| Total Volume (shares) | 5,974 |
| Total Value (MMK) | 38 mil |
| Listed Company | 5 |
| Market Cap. (MMK) | 639,966 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR